# ငုရင်ပြင်မှ ဗမာပြည်ကွန်မြူနစ်ပါတီအား တွေ့ဆုံမေးမြန်းခြင်း (သို့မဟုတ်) ဗကပ၏ အမြင်သဘောထား ။

ငုရင်ပြင် ။ ။ **နအဖ၏ (၂၀၁၀)ရွေးကောက်ပွဲဆိုင်ရာဥပဒေများအပေါ် ဘယ်လိုထင်မြင်ယူဆပါသလဲ ။**

ဗကပ ။ ။ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲ ဥပဒေတွေဟာ ဗမာပြည်သမိုင်းမှာ လုံးဝ မရှိဖူးတဲ့ ဥပဒေမျိုးတွေ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ တော်တော်များများ ပြောသွားကြပြီးမို့ ဒီနေရာမှာ ဘာမှ မပြောတော့ပါဘူး။ ပြောချင်တာက ဒီဥပဒေတွေရဲ့ ထူးခြားချက်ပါ။ အဲဒါကတော့ ဒီဥပဒေတွေဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြိုကွဲအောင်၊ ဒါမှမဟုတ် ပျောက်ကွယ်သွားဖို့ ဆိုတဲ့ တိကျ ထင်ရှားတဲ့ ရည်ရွယ်ချက်နဲ့ ရေးဆွဲ ချမှတ်လာတာ ဖြစ်ပါတယ်။ တဆက်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ဗမာပြည် နိုင်ငံရေးကနေ ဖယ်ရှားဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးဆွဲထားတယ်ဆိုတာကို အထင်းသားမြင်တွေ့ နေရပါတယ်။ ဂျွန်ယက်တောကိစ္စကို ဖန်တီး ဖော်ထုတ်တာ ကနေ ဒေါ်အောင်ဆန်းစုကြည်ကို အိမ်ချုပ်သက်တမ်းတိုးတာ၊ အခုတခါ အပြစ်ဒဏ်ကျခံနေရသူတွေ ပါတီ အဖွဲ့အစည်းတွင်း ပါဝင်ခွင့် မပြုတာ စတာတွေဟာ အားလုံးကို စနစ်တကျ တင်ကြိုပြီး တမင် ဖန်တီးစီစဉ် ထားတာ ဖြစ်တယ်ဆိုတာ သိပ်ထင်ရှားပါတယ်။

နအဖ အနေနဲ့ လက်ရှိအချိန်မှာ သူတို့ရဲ့အစီအစဉ်တွေ။ လုပ်ငန်းတွေကို အဓိက ဒုက္ခပေးနေတဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို အခုလို တမင် အညွှန့်ချိုးဖို့လုပ်တာဟာ သဘောတူသည် ဖြစ်စေ၊ မတူ သည်ဖြစ်စေ၊ ဒီနေ့ ဗမာပြည် နိုင်ငံရေးဇာတ်ခုံမှာ ဒီအဖွဲ့ချုပ်နဲ့ ဒီအမျိုးသမီးဟာ နအဖကို အတိုက်အခံ ပြုမှုရဲ့ပြယုဂ်၊ အတိုက် အခံအင်အားများရဲ့ ခေါင်းညွှန့်လို ဖြစ်နေလို့ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါကြောင့် ဒီခေါင်းညွှန့်ကို နှိမ်နိုင်မှ အားလုံး ဦးကျိုးမယ်၊ ပြည်သူ လူထုကြီးလည်း ဦးကျိုးမယ်ဆိုတဲ့ ဦးတည်ချက်ဟာ ထိပ်ဆုံးက ပါဝင် ပါတယ်။ သူတို့ရဲ့ဒီခြေလှမ်းဟာ ပြည်သူ၏တရပ်လုံးကို ဦးတည်လာတဲ့ လုံ့သွားလို့ မြင်ဖို့လိုပါတယ်။

တခုလုံးကို ပြန်ချုပ်လိုက်ရင် နအဖရဲ့ဒီရွေးကောက်ပွဲ ဥပဒေတွေဟာ ဗမာနိုင်ငံကို စစ်အုပ်စု အဆက်ဆက်တို့က ရာသက်ပန် စိုးမိုး သွေးစုပ်သွားဖို့၊ ဗမာပြည် ပြည်သူလူထုကို ချိုးနှိမ်ဖို့၊ သူတို့ လုပ်ချင်တာကို လုပ်ချင်သလို လုပ်နိုင်ဖို့တွက် ဖော်ထုတ်လာတာ ဖြစ်ပါတယ်။

ငုရင်ပြင် ။ ။ **နအဖ စစ်အစိုးရ၏ (၂၀၁၀)ရွေးကောက်ပွဲအပေါ် ဘယ်လိုထင်မြင်ယူဆပါသလဲ ။**

ဗကပ ။ ။နအဖရဲ့ဒီရွေးကောက်ပွဲဟာ အခုမှ မိုးပေါ်က ကျလာတာ မဟုတ်ဘူးဆိုတာ လူတိုင်း သိပါတယ်။ ဗိုလ်ခင်ညွှန့်ရဲ့ လမ်းပြမြေပုံ (၇) ချက် ဆွဲ ကတည်းက ပေါ်ပေါက်ခဲ့ပြီး နှစ်ပေါင်းနှစ်ဆယ်နီးပါး တည်ရှိခဲ့တဲ့ နဝတ-နအဖ စစ်အုပ်စုရဲ့ စိတ်ကူး အိပ်မက်ဘုံပါ။ ဗမာပြည်က စစ်အုပ်စုတွေမှာ တိုင်းပြည်အာဏာကို ဥပဒေနဲ့အညီ သေတပန်သက်တဆုံး ဆုပ်ကိုင်သွားဖို့ ဆိုတဲ့ စိတ်ကူး အမြဲပဲ ရှိကြပါတယ်။ ဒီအတွက် သူတို့တတွေ အနှစ်(၂၀)နီးပါး ပြင်ဆင်လာပြီး အခု ပိုင်ပြီထင်လို့ လုပ်လာကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ထပ်ပြီး ထောက်ပြချင်တာက ဒီရွေးကောက်ပွဲဟာ နအဖ စစ်အုပ်စုအနေနဲ့ သူတို့ကိုယ် သူတို့ ပြင်ဆင်မှုတွေ ပြည့်စုံပြီလို့ ထင်လို့ လုပ်လာတာ ဖြစ်ပါတယ်။ နောက်ဆုတ်တာ လုံးဝ မဟုတ်ပါဘူး။ နောက် တခုက ဒီရွေးကောက်ပွဲဟာ တိုင်းပြည်အာဏာကို စစ်အုပ်စုလက်ထဲမှာ ကျွှာတိုင်တည် ရှိသွားဖို့အတွက် စီမံလုပ်ကိုင်တာ ဖြစ်ပါတယ်။ အရပ်သား လက်ထဲကို တစ တစ အာဏာလွှဲပေးဖို့ လုံးဝ မဟုတ်ပါဘူး။

ဒ့ါအပြင့် သူတို့ဟာ သူတို့ရဲ့၂၀၀၈ ဖွဲ့စည်းပုံမှာ သတ်မှတ်ထားတဲ့ ၂၅ ရာခိုင်နှုန်းလောက်နဲ့ တင်းတိမ်မယ်လို့ ယူဆရင် ရိုးအ လွန်းရာ ကျပါလိမ့်မယ်။ ဆန္ဒခံယူပွဲမှာ ၁၀၀%ယူရင် လူကြားမကောင်းလို့ ၉၂.၂%လုပ်တာမျိုးလောက်ပဲ နေရာ

လေး နည်းနည်း ချန်ပေးကောင်း ချန်ပေး ပါလိမ့်မယ်။ ဒီတော့ လာမယ့် နအဖ လွှတ်တော်ထဲမှာ အတိုက်အခံ လုပ်ချင်သူ၊ တတိယ အင်အား လုပ်ချင်သူတွေအနေနဲ့ ၂၅%သော စစ်ဗိုလ်များနဲ့ ကျန် သူတို့ လက်ကိုင်တုတ် အမတ်တွေကြားမှာ ကိုယ်က လက်တဆုပ်စာတောင်မရှိတဲ့ အနည်းစုလေးအဖြစ်နဲ့ ငုတ်တုပ်ထိုင်နေရမှာကို ကြိုတင် စဉ်းစားထားကြဖို့ လိုပါတယ်။ မဆလ လက်ထက်တုန်းက အတွင်းပူးသတ်မယ်ဆိုတဲ့ လူတွေဟာ ဒီနေ့ အိုကြီးအိုမအရွယ်အထိ စစ်အုပ်စုကို ကျေးကျွန်သဖွယ် အလုပ် အကျွေးပြုနေရတယ်ဆိုတာကို မမေ့သင့်ပါဘူး။

ငုရင်ပြင် ။ ။ (၂၀၁၀)ရွေးကောက်ပွဲလွန် ကာလကို ဘယ်လိုခန့်မှန်းမိပါသလဲ ။

ဗကပ။ ။၂၀၁၀ ရွေးကောက်ပွဲလွန်ကာလကို ရွေးကောက်ပွဲရက်တောင်မသိသေးပဲ မှန်းပြောရမှာ ခက်တော့ ခက်ပါတယ်။ ဒီကြားထဲမှာ ဘာတွေဖြစ်ဦးမလဲဆိုတာကို စောင့်ကြည့်ရဦးမယ် ထင်ပါတယ်။ အခုအချိန်ဟာ နအဖ အဖို့ ရေနောက်တဲ့ အချိန် ဖြစ်ပါတယ်။ မကြာခင်မှာ ငါးဖမ်းတဲ့အဆင့်ရောက်ပါလိမ့်မယ်။ အဲဒါတွေပြီးမှ ရွေးကောက်ပွဲလုပ်မယ်လို့ ထင်ပါတယ်။

ပြောနိုင်တာတခုကတော့ ရွေးကောက်ပွဲလွန် ဗမာပြည်နိုင်ငံရေးဟာ အခုနဲ့အများကြီး ကွာခြားသွားပါ လိမ့်မယ်။ ကွဲပြဲမှု အသစ်တွေ၊ စုစည်းမှု အသစ်တွေ တွေ့ရဖို့ များပါတယ်။ ပြည်တွင်းရော ပြည်ပမှာပါ အပြောင်းအလဲတွေ တွေ့ရမှာပါ။ ပြည်သူ လူထုရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ခံစားခွင့်တွေကတော့ ဘာမှပြောင်းလဲမှာ မဟုတ်ပါဘူး။

နိုင်ငံရေး အင်အားစုတွေထဲမှာ နအဖရဲ့၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန့်ကျင်သူနဲ့ ထောက်ခံသူဆိုပြီး နှစ်အုပ်စု ကွဲသွားပါ လိမ့်မယ်။ ဒီအခါမှာ အတိုက်အခံတွေရဲ့အဓိက ဦးတည်ချက်ဟာ အဲဒီ ၂၀၀၈ အခြေခံဥပဒေကို ဖျက်သိမ်းရေး ဖြစ်ပြီး တဖက်က လူတွေအဖို့မတော့ ဒါကို ကာကွယ်ရေး၊ ပိုမို ကြံ့ခိုင်အောင်လုပ်ရေး ဖြစ်ပါလိမ့်မယ်။

ငုရင်ပြင် ။ ။ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးအတွက် နိုင်ငံရေးအင်အားစုများအားလုံး ဘာတွေလုပ်သင့်သလဲဆိုတာနဲ့ပတ်သက်ပြီး ဘယ်လိုအကြံပြုတင်ပြချင်ပါသလဲ ။

ဗကပ ။ ။လောလောဆယ်မှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် လုပ်လာတဲ့ နအဖ စစ်အစိုးရရဲ့ချေမှုန်းရေး လုပ်ငန်းတွေကို တားဆီး ရိုက်ချိုးသင့်ပါတယ်။ နောက်ပြီး တဖြည်းဖြည်း ရုပ်လုံးပေါ်လာမယ့် နအဖရဲ့ရွေးကောက်ပွဲရဲ့အနေအထားကို စောင့်ကြည့်ပြီး လုပ်သင့်တာတွေ လုပ်ကြရပါဦးမယ်။

လက်ရှိအတိုက်အခံတွေထဲမှာ ကွဲတာ၊ ပဲ့ထွက်တာတွေ ရှေ့ကျရင် ထပ်တွေ့လာနိုင်စရာ ရှိပါသေးတယ်။ ဒါတွေကြောင့် မျက်စိလည်တာ၊ အမြင် ရှုပ်ထွေးတာတွေ မဖြစ်ဖို့ လိုပါတယ်။ ဘယ်သူ နအဖနဲ့ ပေါင်းသလဲ၊ ဘယ်သူ ပြည်သူလူထုဘက်က ရပ်သလဲ ဆိုတာနဲ့ ကြည့်ရင် ဘာမှ အမြင်ရှုပ်စရာ မရှိပါဘူး။

ဒါပေမဲ့ နအဖလို ခြေဖျားခေါင်းဆုံး လက်နက်တပ်ဆင်ထားတဲ့ ဖက်ဆစ်ဆံတဲ့ စစ်အာဏာရှင်နဲ့ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ဖို့ဆိုရင် ရေရှည်တိုက်ပွဲဝင်မှ ရမှာပါ။ တဖွဲ့တည်း၊ တဦးတည်း တိုက်ပွဲဝင်လို့ မရပါဘူး။ ဒါကို အမျိုးသား အရေးတော်ပုံကြီး တခုလို့ သတ်မှတ်ပြီး အမျိုးသားသွေးစည်းညီညွတ်ရေးကြီးတရပ် တည်ဆောက်ဖို့ လိုပါတယ်။ ဒါကို အားလုံးက အချိန်ယူပြီး လုပ်ရမှာပါ။ လောလို့ မရပါဘူး။

နောက်ပြီး ကိုယ့်အတွက် အကျိုးရှိမယ့် တိုက်ပွဲသဏ္ဍာန် အားလုံးကိုလည်း အသုံးချရပါမယ်။ လုပ်ငန်း အားလုံးဟာ ပြည်၏တွင်းမှာ အဓိကအခြေစိုက်၊ ပြည်တွင်းက ကိုယ့်လူထုကို အဓိက အားကိုး လုပ်ကိုင်တာ ဖြစ်ရပါမယ်။